067-411121

Att: ဦးအောင်စိုးမင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၀၆၀/၂၀၁၅ ။ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂(ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဒေါ်မြင့်မြင့်ဝင်း

(ခ) **အဘအမည်** ဦးသိန်းဝင်း

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂/လသန(နိုင်) ၀၀၆၈၃၃

(ဃ) **နေရပ်လိပ်စာ** အမှတ်-၁၂၆အေ၊ လမ်း၂၀၊ လသာမြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့်သို့မဟုတ်ဖွဲ့စည်းမည့်အဖွဲ့အစည်း** Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** Satellite Earth Station တည်ဆောက်ပြီး ဂြိုဟ်တုအခြေပြုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း (International Gateway ဝန်ဆောင်မှုမပါ)

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာလာနွယ်လမ်းနှင့် ပင်ရွှေညောင်လမ်းထောင့်၊ မြေကွက်အမှတ်-၅၁B/၂၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ဒီ ရှိ မြေ ၁၀ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ၁၃,၈၆၅.၀၀ သန်း (အမေရိကန်ဒေါ်လာ ၉.၆၁၈သန်း အပါအဝင် စုစုပေါင်းကျပ်သန်းတစ်သောင်းသုံးထောင်ရှစ်ရာ ခြောက်ဆယ့်ငါးတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၆၂ /၂၀၁၅ (မနသ)

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်

၁။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) မှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာလာနွယ်လမ်းနှင့်ပင်ရွှေညောင်လမ်းထောင့်၊ မြေကွက်အမှတ်-၅၁B⁄၂၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ဒီ ရှိ စုစုပေါင်းမြေဧရိယာ (၂၀.၁၆၈၆) ဧက အနက် မြေဧရိယာ (၁၀) ဧကတွင် Satellite Earth Station တည်ဆောက်ပြီး ဂြိုဟ်တုအခြေပြု ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း (International Gateway ဝန်ဆောင်မှုမပါ) ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြခြင်းအား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၇)၊ ပုဒ်မ ၁၂(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) အား Satellite Earth Station တည်ဆောက်ပြီး ဂြိုဟ်တုအခြေပြု ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း (International Gateway ဝန်ဆောင်မှုမပါ) လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၀၆၀/၂၀၁၅ ကို ထုတ်ပေးလိုက်သည်။

၂။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၁၁) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က) အရ ဝန်ဆောင်မှု လုပ်ငန်းစီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း (၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

ကန့်သတ်

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်းနှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ်အကောင်အထည်ဖော်မှု အခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဇ) အရ ဝင်ငွေခွန် စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများ အတိုင်းတွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နှုတ်ပယ်ခွင့်အား ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ (ဆ) အရ ပြည်ပမှ တင်သွင်းသည့် ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့်ပစ္စည်း အမျိုးအစား ၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှုရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ်ထားရှိဆောင်ရွက်အကောင်အထည်ဖော်ရမည်။

၅။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုအတွက် နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၇။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ဆောင်ရွက်သည့်လုပ်ငန်းများအား အသေးစိတ်အချက်အလက်များနှင့်တကွ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၈။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် လုပ်ငန်းဆောင်ရွက်ရာတွင် ဆက်သွယ်ရေး(ပုဂ္ဂလိက) အထူးလိုင်စင်ရယူ ဆောင်ရွက်ထားသော အဆိုပြုလုပ်ငန်းဖြစ်သည်နှင့်အညီ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၉။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများခန့်ထားရာတွင် အလုပ်သမား အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင်အလုပ်ရှင်နှင့်အလုပ်သမားဆက်ဆံရေးပြေလည်စေရန် အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၁၀။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ဤ ခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ်ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၁၁။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ်စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေးအစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အခြားသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနည်းဥပဒေများ၊

ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေ ကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၂။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် ကနဦးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန် ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်ကို စီးပွားဖြစ် စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြုခွင့်ပြုချက်ကို ရယူရမည်။

၁၄။ Shwe Than Lwin Media Company Limited (ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်များနှင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၂(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းသည့်အထိ အရေးယူခြင်းခံရမည်။

ကန့်သတ်

အကြောင်းအရာ။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် (Shwe Than Lwin Media Co., Ltd.) မှ Satellite Earth Station တည်ဆောက်ပြီး Satellite အခြေပြုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် ဒေါ်မြင့်မြင့်ဝင်း		
	အဖွဲ့အစည်းပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်)		
	လုပ်ငန်းအမျိုးအစား	- Satellite Earth Station တည်ဆောက်ပြီး Satellite အခြေပြုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း		
၂။	တည်နေရာ	- မြေတိုင်းရပ်ကွက်အမှတ်-၃၄(ဒီ) ၊ မြေကွက်အမှတ်-၅၁ (ဘီ-၂)၊ မာလာနွယ်လမ်းနှင့် ပင်ရွှေညောင်လမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။		
	မြေအကျယ်အဝန်း	- (၁၀)ဧက (၄၀၄၆၈.၆ စတုရန်းမီတာ)		
၃။	လုပ်ငန်းသက်တမ်း	- ၆၀ နှစ်		
၄။	တည်ဆောက်ရေးကာလ	- ၁၈ လ		
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ထည့်ဝင်သည့်အမျိုးအစား	- ကျပ် ၁၃,၈၆၅ သန်း		
				ကျပ်(သန်း)
		US$(သန်း)	ကျပ်(သန်း)	ကျပ်(သန်း)
	ငွေသား		၃,၀၉၀.၃၀၀	၃,၀၉၀.၃၀၀
	စက်ပစ္စည်းကိရိယာများ(ပြည်ပဝယ်)	၄.၉၆၈		၄,၉၆၈.၀၀၀
	(ပြည်တွင်းဝယ်)		၅၇၁.၀၀၀	၅၇၁.၀၀၀
	အဆောက်အဦ/မြေ		၅၀၀.၀၀၀	၅၀၀.၀၀၀
	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ		၈၅.၇၀၀	၈၅.၇၀၀
	Bandwidth ငှားရမ်းခ	၄.၆၅၀		၄,၆၅၀.၀၀၀
	စုစုပေါင်း	**၉.၆၁၈**	**၄,၂၄၇.၀၀၀**	**၁၃,၈၆၅.၀၀၀**
၆။	ဝန်ထမ်းအင်အား (ဆဋ္ဌမနှစ်)	- **၈၀ ဦး** - ၅၅ဦး(လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်း ၁ ဦး၏ လစာမှာ ကျပ် ၂၀၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်း ၁ ဦး၏ လစာမှာ ကျပ် ၂,၀၀၀,၀၀၀ ဖြစ်ပါသည်။) - ၂၅ဦး (ရုံးလုပ်ငန်းဆိုင်ရာ ပြည်တွင်းအနိမ့်ဆုံး ဝန်ထမ်း ၁ ဦး၏ လစာမှာ ကျပ် ၁၂၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်း ၁ ဦး၏ လစာမှာ ကျပ် ၂,၀၀၀,၀၀၀ ဖြစ်ပါသည်။)		

၇။ US$ သန်း

ရောင်းချမည့်အင်တာနက် ဝန်ဆောင်မှု အမျိုးအစားများ	တစ်ယူနစ်နှုန်းထားများ (အမေရိကန်ဒေါ်လာ)	စုစုပေါင်း
C-Band User Terminal	၂,၄၅၀	၂.၀၀၉
Ku-Band User Terminal	၉၅၀	၁.၁၅၉
Total Sale Income		၃.၁၆၈

လစဉ်ဝန်ဆောင်မှုပေးမည့်အမျိုးအစားနှင့်နှုန်းထားများ(၆နှစ်မြောက်)

ငှားရမ်းတပ်ဆင်နိုင်သည့် အင်တာနက်ဝန်ဆောင်မှု အမျိုးအစားများ	တစ်လတပ်ဆင် ငှားရမ်းသည့်နှုန်း (US$)	တစ်နှစ်ဝင်ငွေ စုစုပေါင်း (US$သန်း)
(က) C-Band		
- Standard Plan		
256/160 (Down / Up)	၃၀၀	၃.၀၀၀
512/160 (Down / Up)	၅၃၀	၁.၃၉၁
- Advanced Plan		
512/320 (Down / Up)	၆၀၀	၆.၅၃၀
1M/320 (Down /Up)	၁၁၀၀	၀.၉၇၁
- Premium Plan		
1M/640 (Down /Up)	၁၂၀၀	၁၀.၉၇၀
2M/640 (Down /Up)	၂၀၀၀	၁၄.၆၂၇
- Dedicated Bandwidth Plan		
1M/512 (Down /Up)	၆၆၀၀	၂.၇၉၄
(ခ) Ku-band		
- Consumer Plan		
128 Package	၄၇	၀.၀၄၈
256 Package	၅၈	၀.၀၇၅
512 Package	၇၀	၁.၅၄၅
1 M	၁၁၆	၁.၈၈၀
2 M	၁၇၄	၂.၂၀၀
- Corporate Plan		
512 Package	၁၇၄	၀.၆၆၇
1 M	၂၈၉	၁.၀၂၂
2 M	၄၆၂	၂.၇၂၀
- Super Corporate Plan		
512 Package	၂၈၉	၀.၀၇၀
1 M	၄၆၂	၀.၀၂၈
2 M	၇၅၁	၀.၄၀၉

၈။ ကုမ္ပဏီ၏ ဝင်ငွေ (ဆဌမနှစ်) - US$ ၅၄,၁၁၅ သန်း

ကုမ္ပဏီ၏ အသုံးစရိတ် (ဆဌမနှစ်) - US$ ၃၁,၇၀၉ သန်း

ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဌမနှစ်) - US$ ၂၂,၄၀၅ သန်း

၉။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်	
	ဝင်ငွေခွန်	- US$ ၇,၄၆၈ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- US$ ၀.၀၈၁ သန်း
	အရင်းကြေကာလ	- ၇ နှစ်
	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၄.၈၂ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၅၀၀ KVA (2) units
		- လုပ်ငန်းလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဝန်ကြီးဌာနမှ ပေးသောမဟာဓာတ်အား လိုင်းမှ ရရှိသုံးစွဲမည့်အပြင် ကိုယ်ပိုင်မီးစက် (၁၀၀၀KVA) ၃လုံးဖြင့် လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၁။	CSR	- နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၃% ကို အသုံးပြုမည်ဟု တင်ပြထားပါသည်။